# တၢ်တီတၢ်တြၢ်

Just | တရားမျှတမှု

## ဥပဒေသတင်းစာစောင်

အမှတ်စဉ် (၂) ဩဂုတ်လ၊၂၀၂၂


### မာတိကာ


■ လူထုအသံ

ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ

---

■ ဆောင်းပါးကဏ္ဍ

ပဋိပက္ခအတွင်း တရားမျှတမှုကိုဖော်ဆောင်ခြင်း (ဖူးစကောစေး (ခလယ်လွီထူ))

---

■ သိမှတ်ဖွယ်ရာများ

ကော်သူးလေ တရားစီရင်ရေးကော်မတီ

လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မိတ်ဆက်

---

■ ရှုမြင်သုံးသပ်ချက်များ

တရားရေးပန်ဆောင်မှုပေးသူ၏ ဆွေးနွေးချက်များ

---

■ လုပ်ဆောင်ချက်များ

---

■ လှုပ်ရှားမှု ရုပ်ပုံများ



ဆက်သွယ်ရန် - အယ်ဒီတာ, klacHQ@karenlac.org


## ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော တရားရေးဆိုင်ရာ စိန်ခေါ်မှုများ



ကော်သူးလေရှိ ခရိုင်များထဲမှ ခရိုင်(၃)ခုတွင် နေထိုင်သော ပြည်သူများ၏ နေ့စဉ်ကြုံတွေ့နေရသော ဒေသတွင်း လက်ရှိပဋိပက္ခအခြေအနေများ၊ ပဋိပက္ခကြောင့် လူထုများ ရင်ဆိုင်နေရသော စားဝတ်နေရေး၊ လမ်းပန်းသွားလာရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခက်အခဲများနှင့် ဤအခက်အခဲများကို ကျော်လွှားဖြေရှင်းကြသည့် ဒေသနည်းလမ်းများနှင့် ပတ်သက်ပြီး ပြည်သူများ၏ အမြင်၊ အတွေ့အကြုံများအကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင် လူထု၏ အခြေခံလိုအပ်ချက်တခုဖြစ်သော တရားမျှတမှုလက်လှမ်းမီရေးနှင့် ပတ်သက်သည့် အခြေအနေများ၊ လူထု၏ တရားရေးဆိုင်ရာ လိုအပ်ချက်များ၊ တရားမျှတမှု လက်လှမ်းမီရေးအတွက် ရင်ဆိုင်နေရသော အခက်အခဲများနှင့် စိန်ခေါ်ချက်များ၊ အမှုအခင်းများကို ဖြေရှင်းသည့်နည်းလမ်းနှင့် လူထု၏အမြင်သဘောထားများ၊ ကော်သူးလေတရားရေးစနစ်အပေါ် လူထု၏ နားလည်မှုအခြေအနေများ စသည့် လူထုအသံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ဒူးပလာယာခရိုင်

ဒူးပလာယာခရိုင်ရှိ နေရာတော်တော်များတွင် စစ်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိပြီး စစ်ဆေးရေးဂိတ်များ ပိုမိုများပြား လာကာ ယခင်ကထက်ပိုပြီး စစ်ဆေးမေးမြန်းမှုများ များလာသည်။ အာဏာသိမ်းစစ်တပ်၏ စစ်ရေးလှုပ်ရှားမှုများလည်း အမြဲလိုလိုရှိ နေသည့်အပြင်စစ်ကြောင်းထွက်သည့် နေရာများအနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ရွာသူရွာသားများအနေဖြင့် ပေါ်တာဆွဲခံရမည် ကိုလည်း စိုးရိမ်နေရသည်။ ထို့ပြင် လေယာဥ်ပျံများ မကြာခဏ ပျံသန်းသည့်အတွက် ကျေးရွာပြည်သူလူထုအနေဖြင့် အမြဲစိုးရိမ် စိတ်ဖြင့် နေထိုင်နေရသည်။ တိုက်ပွဲများဖြစ်ပွားနေသည့်အပြင် ယခုကာလသည် မိုးတွင်းကာလဖြစ်သည့်အလျောက် ရေကြီး ရေလျှံမှုများကြောင့် လမ်းများပျက်စီးခြင်း၊ တံတားများကျိုးခြင်း တို့ကြောင့် သွားလာရေးများခက်ခဲလှသည်။ ထို့ပြင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများလည်း မကြာခဏ ဖြတ်တောက်ခံရလျက် ရှိသည်။ မြန်မာငွေတန်ဖိုး ကျဆင်းခြင်း၊ ဘတ်ငွေဈေးများ မြင့် တက်ခြင်းကြောင့် ကုန်ဈေးနှုန်းလည်း အလွန်ပင်မြင့်တက်လာကာ ပြည်သူလူထုက စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ အကျိုးဆက်အနေဖြင့် ရပ်ရွာဒေသအတွင်း ခိုးယူလုယက်မှုများ လည်း မြင့်တက်လာသည်။

ကရင်ဥပဒေအထောက်အကူပြုအဖွဲ့(KLAC) နှင့်အတူ လက်တွဲလုပ်ဆောင်နေသောလူထုဥပဒေအထောက်ကူပြုအဖွဲ့ (CLV) များအနေဖြင့် မိမိတို့ခရိုင်အတွင်းရှိ ကျေးရွာအချို့တွင် ကော်သူးလေဥပဒေ၊ တရားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး လူထု အများသိသင့်သိထိုက်သည့် အသိပညာများကိုမျှဝေပေးလျက်ရှိ သည်။ ထို့အတွက် တရားရေးဆိုင်ရာ အသိပညာပေးအစီအစဥ်များ လုပ်ဆောင်နေသည့် ကျေးရွာမှ ပြည်သူများသည် အမှုတစ်စုံတစ်ခု ကြုံတွေ့လာပါက မည်သို့ တိုင်ကြားဆောင်ရွက်ရမည်ကို သိရှိလာ ကြသည်။ ဥပမာ- ယခင်က အမှုကိုဖြေရှင်းကြရာတွင် မကျေနပ် သော်လည်း ကျေနပ်ပေးလိုက်ရသည့် အခြေအနေမျိုးရှိခဲ့သည်။ ထို့ပြင် ရာဇဝတ်မှုများကို ကျေးရွာအဆင့်၌ပင် ဖြေရှင်းခဲ့ကြ သော်လည်း ယခုအခါ တိုင်ကြားဆောင်ရွက်ရမည့် လမ်းကြောင်း များကို သိရှိနားလည်လာကြသည်။ သို့သော် အသိပညာပေး အစီအ စဥ်မရရှိသေးသော အခြားကျေးရွာမှ ပြည်သူလူထုအများစုမှာ တရား ရေးဆိုင်ရာအသိပညာများနှင့် အလှမ်းဝေးသည့်အနေအထား တွင် ရှိနေသေးသည်။ ထို့သို့ ဥပဒေနှင့်မရင်းနှီးမှုကြောင့် အမှု အခင်းဖြစ်ပွားသည့်အခါ မည်သို့ ဆက်သွယ်တိုင်ကြားလုပ်ဆောင် ရမည်ကို မသိ၊ နားမလည်ခြင်းနှင့်ငွေရေးကြေးရေးခက်ခဲခြင်းတို့ ကြောင့် တရားဥပဒေလမ်းကြောင်းအရမသွားပဲ ပပျောက်လိုက်ရ သည့်အမှုများစွာရှိခဲ့သည်။ အမှုတိုင်ကြားရမည့် နည်းလမ်းကိုသိရှိ သော်လည်း တရားဥပဒေနည်းလမ်းများအရ လုပ်ဆောင်ရသည့် အဆင့်အဆင့်အတွက် သွားလာရာလမ်းခရီးတွင် တိုက်ပွဲပဋိပက္ခ များနှင့် စစ်ဆေးရေးဂိတ်များရှိခြင်းကြောင့် အန္တရာယ်ကျရောက် မည်ကို ကြောက်နေရသည့်အပြင် ယခုမိုးတွင်းကာလ ရေကြီးမှု များရှိသည့်အတွက် တရားမျှတမှုလက်လှမ်းမှီရေးကြိုးပမ်းရာတွင် အခက်အခဲများရှိနေဆဲဖြစ်သည်။

> ❝ ရေကြီးရေလျှံမှုများကြောင့် လမ်းများပျက်စီးခြင်း၊
> တံတားများကျိုးခြင်းတို့ကြောင့် သွားလာရေးများခက်ခဲလှသည်။ ❞

## ဒူးသထူခရိုင်

ဒူးသထူခရိုင်တွင် စစ်ကြောင်းလှုပ်ရှားမှုများ များပြားနေပြီး တိုက်ပွဲများလည်း ပိုမိုပြင်းထန်သည့် အခြေအနေဖြစ်နေသည်။ မိုင်း ထောင်ခြင်းများလည်း ပိုမိုများပြားလာပြီး စစ်တပ်မှလက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများလည်း အမြဲရှိနေသည်။ စစ်ပွဲများကြောင့် သွား ရေးလာရေး ပိုမိုကြပ်တည်းလာကာ လမ်းခရီးတွင် အန္တရာယ်ကျ ရောက်နိုင်သည့်အတွက် အလုပ်လုပ်ကိုင်စားသောက်ရန်ပင် ခက်ခဲ လွန်းလှသည်။ အခြားနေရာသို့ ရွှေ့ပြောင်းရန်အခြေအနေမပေး သူများသည် အခက်အခဲများကြား၌ သတင်းများနားစွင့်ပြီး သည်းခံ ကြိတ်မှိတ်နေထိုင်နေကြသူများရှိသကဲ့သို့ အချို့မှာ မိမိနေရာတွင် မနေရဲတော့သည့်အတွက် အခြားဒေသများသို့ ပြောင်းရွှေ့သွားကြ သည်။ နယ်စပ်ဘက်အထိတိုင် စစ်ရှောင်သွားသူများလည်း ရှိသည်။

ယခုနောက်ပိုင်းတွင် CLV များက ကော်သူးလေဥပဒေ၊ တရားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး အစီအစဥ်လုပ်ဆောင်ထား သော နေရာများမှပြည်သူလူထုအချို့သည် ဥပဒေလမ်းကြောင်း အတိုင်း ဆောင်ရွက်လာကြသည်။ ဥပမာ- အမှုတိုင်တန်းမှုများရှိ လာပြီး လူသတ်မှုနှင့် မုဒိမ်းမှုများကဲ့သို့သော ရာဇဝတ်မှုများကို ယခင်ကကဲ့သို့ အဆင်ပြေသလို မဖြေရှင်းတော့ဘဲ ဥပဒေ လမ်းကြောင်းအတိုင်း ဆောင်ရွက်လာကြသည်။ ထို့ပြင် အယူခံမှု များတွင် လူထုကိုယ်တိုင် တောင်းဆိုလာကြသည့်အတွက် ခရိုင် တရားသူကြီးကိုယ်တိုင်အယူခံလျှောက်လွှာရေးပေးရသည်များလည်း ရှိလာသည်။ သို့သော် တရားမျှတမှုလက်လှမ်းမီရေးအတွက် တရား စီရင်မှုပြုလုပ်ရာတွင် ယခင်အခြေအနေကလောက် မလွယ်ကူပါ။

တရားစီရင်ရာတွင် အဆင်ပြေပြီး လုံခြုံသည့် နေရာကိုသာရွေးချယ်လုပ်ဆောင်ရပြီး ပစ်ခတ်သံများ၊ တိုက်ပွဲသတင်းများအရ အကြမ်းဖက် စစ်တပ်က အနီးအနားသို့ ရောက်လာပါက တရားစီရင်နေရင်းနဲ့ပင် လျှင်မြန်စွာ ရှောင်တိမ်းကြရသည်။ ထို့ကြောင့် ရုံးချိန်းများကို အဆင်ပြေသည့်နေ့ရက်ကိုသတ်မှတ်ပြီး ရွှေ့ပြောင်းရသည်။ အချို့အမှုများတွင် တရားခံက ကော်သူးလေပြင်ပနယ်မြေဘက်သို့ ထွက်ပြေး တိမ်းရှောင်သွားသည့်အတွက် ဖမ်းဆီးရန် ခက်ခဲမှုများလည်း ရှိသည်။

> "အကြမ်းဖက်စစ်တပ်က အနီးအနားသို့ ရောက်လာပါက တရားစီရင်နေရင်းနဲ့ပင် လျှင်မြန်စွာ ရှောင်တိမ်းကြရသည်။"

## ဖားအံခရိုင်

လက်ရှိ ဖားအံခရိုင်တွင် အကြမ်းဖက်ပဋိပက္ခဖြစ်ပွားမှုမရှိပါ။ သို့သော်လည်း အနီးဝန်းကျင်ရှိခရိုင်များမှ စစ်ရေးကူးစက်လာမည်စိုးရိမ်သည့်အတွက် လူထုအနေဖြင့် အခြေအနေကို အမြဲစောင့်ကြည့်နေထိုင်နေကြရသည်။ ပညာရေးကဏ္ဍတွင် ဒေသခံများက အာဏာသိမ်းစစ်တပ်ဘက်မှ ခန့်အပ်စေလွှတ်သည့် ကျောင်းဆရာ၊ ဆရာမများကို လက်မခံရဲသကဲ့သို့ အဆိုပါကျောင်းဆရာ၊ ဆရာမများကလည်း မလာရဲကြပေ။ ထို့ကြောင့် ဒေသတွင်း ကိုယ်ထူကိုယ်ထ ကျောင်းများ ဖွင့်လှစ်ပြီး ကလေးများအတွက် ပညာရေးပိုင်းကို စီစဉ်ဆောင်ရွက်ကြသည်။


အခြားခရိုင်(၂)ခုကဲ့သို့ပင် CLV များက ကော်သူးလေဥပဒေ၊ တရားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး လုပ်ဆောင်နေသော ပိုင်ကျုံမြို့နယ်ရှိ ကျေးရွာပြည်သူများက ယခင်ကနှင့်နှိုင်းယှဉ်ပါက တရားရေးအကြောင်း အနည်းငယ်ပိုမိုသိနားလည်လာကြသည်။ သို့သော်လည်း မြို့နယ်တခုလုံးရှိ ပြည်သူလူထုကို လွှမ်းခြုံနိုင်ခြင်း မရှိသေးပါ။ ကေအဲန်ယူ အုပ်ချုပ်ရေးလက်လှမ်းမမီသည့် နေရာများတွင် သင်တန်းပေးရန်မလွယ်ကူခြင်းနှင့် အမှုအခင်းဖြစ်လာပါကလည်း ဥပဒေအတိုင်း အရေးယူဆောင်ရွက်ရန် ခက်ခဲနေဆဲဖြစ်သည်။ တရားစီရင်ရေးအပိုင်းတွင် ဥပဒေအတိုင်းဖြေရှင်းဆောင်ရွက်ရမည့်အစား ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ အခက်အခဲအနေဖြင့် ပြည်သူများမှာ အမှုဖြစ်ပွားပါက တစ်ရွာတည်းနေထိုင်သည့် လူထုအချင်းချင်း မိတ်ပျက်မည်ဆိုသည့်အတွက် တိုင်ကြားရန် ကြောက်ရွံ့အားနာကြသည်။ တိုင်ကြားသော အမှုအချို့မှာလည်း ညှိနှိုင်းပေးမည်ကိုသိပြီး တရားမျှတမှုမရနိုင်သည့်အတွက် မတိုင်ကြားတာလည်းရှိသည်။ ညှိနှိုင်းပေးလိုက်သည်ဆိုသည်မှာ အမှုအခြေအနေပေါ်မူတည်ပြီး အဆင့်ဆင့် ဖြေရှင်းရမည်ဖြစ်သော်လည်း ကျေးရွာအဆင့်တွင်သာ အများဆုံး ပြီးဆုံးသွားကြသည်။ ကျေနပ်မှုမရှိသော်လည်း မည်သို့ဆက်လုပ်ရမည်ကို နားမလည်သည့်အတွက် တရားသူကြီးဆုံးဖြတ်ချက်သည်သာ မှန်ကန်သည်ဟု ယူဆကြကာ အယူခံတင်ခြင်းအဆင့်ကို မလုပ်ကြတော့ပေ။ ထို့ပြင် တရားဥပဒေအကြောင်း နားမလည်ကြသေးသောသူများသည် အမှုဖြစ်သည့်အခါ CLVနှင့် အခြားအဖွဲ့အစည်းများက အကြံဉာဏ် ပေးသော်လည်း တရားမျှတစွာ အမှုဖြေရှင်းနိုင်ရေးအတွက်မဟုတ်ဘဲ အမှုအမြန်ပြီးဆုံးခြင်းကိုသာ ပိုအလေးထား ကြသည်။

ဒေသခံအချို့အနေဖြင့် မည်သည့်နေရာတွင် တရားရုံးရှိနေသည်ကိုပင် မသိကြသူများလည်း ရှိသကဲ့သို့ မည်သည့်နေရာ၊ မည်သူ့ထံတွင် အမှုတိုင်ရမည်ကို မသိကြသည့်အတွက် တရားရုံးသို့ ရောက်မလာသည့်အမှုများလည်းရှိနေဆဲဖြစ်ပါသည်။ ထို့ပြင် ဒေသခံအချို့သည် ဥပဒေကို နားလည်သော်လည်း အခြား လက်နက်ကိုင် အဖွဲ့အစည်းများရှိသောကြောင့် ဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်ရန် ကြောက်ရွံ့ကြသည်။ လက်နက်ကိုင်အဖွဲ့အစည်းများခြင်းမှာလည်း တရားမျှတမှုကို ရယူရန် အဟန့်အတားဖြစ်နေသည်။ ဒေသခံအချို့မှာ ကော်သူးလေတရားရေးစနစ်ကို ယုံကြည်ပြီး ကိုယ်တိုင် တိုင်ကြားလာကြသူများရှိသော်လည်း အမှုအားလက်ခံဆောင်ရွက်ရန် လိုအပ်သည့် သက်သေခံစာရွက်စာတမ်းများကို ပြင်ဆင်ပံ့ပိုးမည့်သူမရှိသောကြောင့် အခက်အခဲများရှိနေဆဲဖြစ်သည်။

> "ကျေနပ်မှုမရှိသော်လည်း မည်သို့ဆက်လုပ်ရမည်ကိုလည်း နားမလည်သည့်အတွက် တရားသူကြီးဆုံးဖြတ်ချက်သည်သာ မှန်ကန်သည်ဟု ယူဆကြကာ အယူခံတင်ခြင်း အဆင့်ကို မလုပ်ကြတော့ပေ။"

# ပဋိပက္ခအတွင်း တရားမျှတမှုကိုဖော်ဆောင်ခြင်း

■ ဖူးစကောစေး (ခလယ်လွီထူ)



ကျွန်ုပ်တို့လူ့အဖွဲ့အစည်းသည် တူညီမှုချဉ်းသက်သက် စုစည်းထားခြင်းမျိုးမဟုတ်ဘဲ မတူကွဲပြားမှုများလည်း ပါဝင်လျက်ရှိသည်။ မတူကွဲပြားမှုဟုဆိုရာတွင် လူမျိုးရေးကွဲပြားမှုသော် လည်းကောင်း၊ ဘာသာရေး ကွဲပြားမှုသော်လည်းကောင်း၊ လိင်ကွဲပြားမှုသော်လည်းကောင်း၊ နိုင်ငံရေးအရ အမြင်ကွဲပြားမှုများအပြင် များစွာသော မတူကွဲပြားမှုလည်းရှိသည်။ သို့ရာတွင် အဆိုပါ မတူကွဲပြားမှုများ၏ အကျိုးဆက် အငြင်းပွားမှုများကို နည်းလမ်းတကျ ဖြေရှင်းခြင်းမရှိပါက ထိလွယ်ရှလွယ် အခြေအနေမျိုးတွင် နောက်ဆက်တွဲအနေဖြင့် ပဋိပက္ခအသွင်သို့ဆောင်လာပြီး လူ့အဖွဲ့အစည်း တစ်ခုလုံး၏ တည်ငြိမ်အေးချမ်းမှုမှာ တစတစနှင့်ပျက်သုန်းသွားမည်ဖြစ်သည်။ ထို့နည်းလည်းကောင်းပင် ကျွန်ုပ်တို့၏နိုင်ငံအတွင်းရင်ဆိုင်နေရသည့် ပြဿနာများကို ခေတ်အဆက်ဆက်အာဏာရအုပ်စိုးသူများမှ နည်းလမ်းတကျ ဖြေရှင်းရမည့်အစား ၎င်းတို့၏ ကိုယ်ကျိုးစီးပွားတစ်ဖက်တည်းကိုသာ ရှုမြင်ပြီး ဖြေရှင်းခဲ့သောကြောင့် ပြည်တွင်းပဋိပက္ခမှာ အဒွန့်ရှည်ကြာခဲ့ရသည်။ ထိုပြည်တွင်းပဋိပက္ခ၏ အကျိုးဆက်ကို တိုင်းပြည်တွင်း နေထိုင်သူများမှ ခါးစည်းခံနေရပြီး အဘက်ဘက်မှနိမ့်ကျကာ အခြေခံလိုအပ်ချက်များဖြစ်သည့် ကျန်းမားရေး၊ ပညာရေးကိုပါ ကောင်းမွန်စွာမရရှိ၊ မခံစားနိုင်တော့သည့်အပြင် စီးပွားရေးကျဆင်းမှုဒဏ်ကိုလည်း ခံစားနေရသည်။ အခြေခံလိုအပ်ချက်ဟုဆိုရာတွင် ကျန်းမာရေး၊ ပညာရေးအပြင် တရားမျှတမှုကိုလည်း ချန်လှပ်မထားသင့်သည့် လိုအပ်ချက်တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ပဋိပက္ခကြောင့် ကျန်းမားရေး၊ ပညာရေးကို လက်လှမ်းမီရယူရာတွင် ခက်ခဲသကဲ့သို့ တရားမျှတမှုကို ရယူရာတွင်လည်း အကန့်အသတ် ရှိနေပါသည်။ ယင်းတရားမျှတမှုကို ရယူရာတွင် အကန့်အသတ်နှင့်သာ ရှိနေသောကြောင့် တရားမျှတမှုကို ထည့်သွင်းစဉ်းစားခြင်းမပြုပါက ပဋိပက္ခအကျိုးဆက်ကို ခံစားနေရသည့် လူ့အဖွဲ့အစည်းအတွင်း ထပ်ဆင့်ပဋိပက္ခသို့ ဦးတည်သွားပါလိမ့်မည်။ ပဋိပက္ခကာလအတွင်း ဖြစ်ပေါ်လာသည့် အငြင်းပွားမှုပြဿနာများ အပါအဝင် အခြားသောဥပဒေမဲ့လုပ်ရပ်များကို နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက မလိုလားအပ်သည့် နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပွားလာမည်မှာ မလွဲပေ။ လတ်တလော ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ နိုင်ငံရေးပဋိပက္ခများ၏ အကျိုးဆက်အနေဖြင့် ဥပဒေများကို အသုံးချပြီး ပြည်သူများအား ဖိနှိပ်နေသည့် အာဏာသိမ်းစစ်တပ်နှင့် အခြားတစ်ဖက်တွင် တော်လှန်ရေးဟုဆိုကာ သတင်းပေးဟု စွပ်စွဲသတ်မှတ်ခံရသူများအား သတ်ဖြတ်သည့် ဖြစ်ရပ်များကို တိုင်းပြည်အနှံ့အပြားတွင် တွေ့ရှိလာရခြင်းမှာ တရားမျှတမှုအား ခြိမ်းခြောက်သည့် ဖြစ်စဉ်ပင်ဖြစ်သည်ဟု သုံးသပ်မိပါသည်။ ထိုသို့ တရားလက်လွတ်လုပ်ဆောင်ခြင်းကြောင့် တရားမျှတမှုနှင့် ကင်းကွာလာပြီး ထိုမှတစ်ဆင့် ဥပဒေမဲ့ ဆောင်ရွက်ချက်များကို အလေ့အကျင့်သဖွယ် လက်ခံကျင့်သုံးလာကြမည်မှာ အလွန်တရာ စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ အဆိုပါ တရားလက်လွတ်သတ်ဖြတ်မှုမှာ နှစ်ဖက်အပြန်အလှန်ဖြစ်ပွားနေသောကြောင့်တိုင်းပြည်အတွင်း နေထိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် သက်ရောက်မှုရှိနေသည်။ ကျွန်ုပ်တို့၏ ဦးတည်ရာဖြစ်သည့် ပြည်သူများက ကြောက်ရွံ့မှုမှကင်းဝေးပြီး လုံခြုံစိတ်ချရသောဘဝရပ်တည်နိုင်ရေးဆိုသည့် အခြေအနေသို့ ရောက်ရှိနိုင်ရန် ထိုကဲ့သို့သော အလေ့အကျင့်ဆိုးများကို တိုက်ထုတ်သွားရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ လိုအပ်ချက်ဖြစ်သည့် စဉ်ဆက်မပြတ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကို ရရှိနိုင်မည် ဖြစ်သည်။

တရားမျှတမှုဟုဆိုရာတွင် လူတစ်ဦးတစ်ယောက်တည်းနှင့်သက်ဆိုင်ခြင်းမဟုတ်ဘဲ လူ့အဖွဲ့အစည်း တစ်ခုလုံးနှင့် သက်ဆိုင်သောကိစ္စရပ်ဖြစ်သည်ကို သတိချပ်သင့်သည်။ သက်ဆိုင်ရာအာဏာပိုင်များမှာ ၎င်း၏ ကဏ္ဍတွင် တာဝန်ယူမှုတာဝန်ခံမှုရှိရန်လိုအပ်သကဲ့သို့ ဒေသတွင်းလူမှုအဖွဲ့အစည်းများမှလည်း စောင့်ကြည့်ထိန်းကြောင်းရန်လိုအပ်သည်။ တရားရေးဝန်ဆောင်မှုပေးသူများအနေဖြင့် မိမိတို့၏အရည်အချင်းရှိမှု၊ စည်းကမ်းပြည့်ဝမှုနှင့်

ကျင့်ဝတ်နှင့်အညီဆောင်ရွက်မှုကို မြှင့်တင်ရန် အထူးအလေးပေး သင့်သည်။ ထိုမှတဆင့် ပြဋ္ဌာန်းဥပဒေများနှင့် သက်ဆိုင်ရာ ကျင့်ထုံးဥပဒေကို လက်တွေ့လိုက်နာ ကျင့်သုံးမှုအားကောင်းရန် ဆောင်ရွက်သင့်သည်။ တရားရေးဝန်ဆောင်မှုပေးသူ ဟုဆိုရာတွင် ၎င်းယန္တရားတွင်ပါဝင်သည့် အထူးသဖြင့် တရားသူကြီးများနှင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နေသည့် ရဲများမှာ အခရာကျသည့် ကဏ္ဍတွင်ပါဝင်သည်။ တရားသူကြီးများအနေဖြင့် မိမိတို့ ကိုင်တွယ်ဖြေရှင်းနေသောအမှုတွင် သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်သော ဆုံးဖြတ်မှုများမရှိစေရန်နှင့် ကျင့်ထုံး ကျော်လွန်ဆောင်ရွက်မှု မရှိစေရေးအပြင် ဆင်ခြင်တုံတရားကို လည်း လက်ကိုင်စွဲပြီး ဖြေရှင်းဆောင်ရွက်မှသာ မှန်ကန်သည့် စီရင်ချက်တစ်ခုကို ရရှိနိုင်လိမ့်မည်ဖြစ်သည်။ ဆင်ခြင်တုံတရား ဆိုသည်မှာလည်း မိမိ၏ စိတ်ခံစားချက်ကို ဦးစားပေးရန်မဟုတ်ဘဲ နှစ်ဖက်သက်သေထွက်ဆိုချက်များကို အခြေခံပြီး အမှုတွင် အမှန် တကယ် ထည့်သွင်းစဉ်းစားသင့်သည်များကို စဉ်းစားခြင်းဖြင့် ဘက်စုံလွှမ်းခြုံနိုင်သည့် စီရင်ချက်မျိုးဖြစ်ရန် လိုသည်။ ထိုနည်း လည်းကောင်းပင် တရားဥပဒေစိုးမိုးရေးကို လက်တွေ့ဖော်ဆောင် နေသည့် ရဲတပ်ဖွဲ့များအနေဖြင့်လည်း ပြည်သူ့ဘဝလုံခြုံရေးနှင့် ပြစ်မှုများတားဆီးနှိမ်နင်းရေးကို ဦးတည်လုပ်ဆောင်ကြရာတွင် အရေးပါလှသည်။ ထိုသို့ ပြစ်မှုများကို တားဆီးလျှော့ချရေးတွင် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးထိန်းသိမ်းခြင်းအပြင် အသိပညာပေး ရေးလုပ်ငန်းများကိုလည်း တတ်အားသရွေ့ လုပ်ဆောင်နိုင်သည်။ တရားရေးဝန်ဆောင်မှုပေးခြင်းတွင် ရဲတပ်ဖွဲ့များအနေဖြင့်တရား စွဲဆို တင်ပို့ပြီးနောက် တရားရုံးမှတစ်ဆင့် အမှုမှန်ရှာဖွေဖော်ထုတ် ရေးကို လုပ်ဆောင်ကြသူများဖြစ်သည်။ ဤသည်ကို ကြည့်ခြင်း အားဖြင့် တရားစီရင်ရေးတွင် ရဲတပ်ဖွဲ့များ၏အခန်းကဏ္ဍသည် အရေးပါသည်ကို မြင်တွေ့ရပါသည်။ သို့ရာတွင် ဒေသတွင်း ပြစ်မှု သတင်းများကို အချိန်နှင့်တပြေးညီ ရယူနိုင်ရန်လည်း လိုအပ် သည်။ ထိုသို့ သတင်းအချက်အလက်များကို လက်လှမ်းမီရရှိမှု ဟုဆိုရာတွင် ရဲတပ်ဖွဲ့များအပြင် သက်ဆိုင်ရာဒေသတွင်း လူမှု အဖွဲ့အစည်းများ၏ ပံ့ပိုးမှုမှာလည်း အထောက်အပံ့ကောင်းတစ် ခုပင်ဖြစ်သည်။ ဆိုလိုရင်းမှာ ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့ အစည်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ နယ်ပယ်တွင် ဥပဒေနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား ပြည်သူများသို့ မျှဝေခြင်းနှင့် ဖြစ်ပွားလာသော မှုခင်းများအား နည်းလမ်းတကျ ဆောင်ရွက်တိုင်ကြားနိုင်ရန်ဖြစ်သည်။ ထိုသို့တိုင်ကြားခြင်းအပြင် တရားစီရင်ဆောင်ရွက်ပုံများမှာ နည်းလမ်းတကျ ဆောင်ရွက်ခြင်းရှိ မရှိကိုလည်း စောင့်ကြည့်ထိန်းကျောင်းပေးရန် လိုအပ်သည်။ ထိုသို့ အပြန်အလှန် အမှီသဟဲပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏ လိုအပ်ချက် ဖြစ်သည့် တရားမျှတမှုကို တဆင့်ချင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တရားရေးဝန်ဆောင်မှုပေးသူများ အနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ပွင့်လင်း မြင်သာမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့ အစည်းများအနေဖြင့် လူထုများအား ကူညီခြင်းနှင့် တရားစီရင် ခြင်းကို စောင့်ကြည့်ရန်တာဝန်ရှိသည်။

တရားမျှတမှုဖော်ဆောင်ရာတွင် ပြည်သူလူထု၏ အခန်း ကဏ္ဍကို လုံးဝချန်မထားသင့်ပါ။ ပြည်သူလူထုမှ တရားမျှတမှုကို လက်လှမ်းမီရယူရာတွင် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးမှုလည်းအားကောင်းရန်လို အပ်သည်။ ပထမဦးဆုံးအနေဖြင့် လူထုများမှ ဥပဒေအသိပညာကို လက်လှမ်းမီရရှိရေးဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ၎င်းဥပဒေကို လိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။ ဥပဒေအသိပညာပေးရေးလုပ်ငန်း များကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားခြင်းဖြင့် ပြည်သူလူထုမှ ဥပဒေအသိပညာဗဟုသုတ တိုးပွားလာမည်ဖြစ်ပြီး ထိုမှ တဆင့် ဥပဒေအား လိုက်နာမှု အားကောင်းလာမည်ဖြစ်သည်။ ဥပဒေအား လိုက်နာရာတွင် ပြည်သူတစ်ဦးချင်းအလိုက် ပူးပေါင်းပါဝင်သွားမှ သာလျှင် တရားမျှတမှုအားကောင်းလာမည်ဖြစ်သည်။ လူထု အနေဖြင့် မှုခင်းများ ဖြစ်ပွားလာပါက သက်ဆိုင်ရာအာဏာပိုင် များသို့ အချိန်နှင့်တပြေးညီ သတင်းပေးတိုင်ကြားစေရန်နှင့် အဆိုပါ အာဏာပိုင်များမှ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မဆိုင်းမတွ အရေးယူဆောင်ရွက်သွားရန် အရေးကြီးသည်။ ထိုကဲ့သို့ တိုင်တန်း ရုံမျှဖြင့် မိမိ၏တာဝန်မှာ ပြီးဆုံးသွားသည်ဟု မှားယွင်းယူဆခြင်းမပြု ရန် ပြည်သူများအနေဖြင့်လည်း သတိမူသင့်သည်။ တရားရုံးမှ လိုအပ်၍ ဆင့်ခေါ်သည့်အခါ ထွက်ဆိုချက်ပေးရန်လည်း လိုအပ် သည်။ သို့မှသာ မျှတသောတရားစီရင်မှုကို အကောင်ထည်ဖော် ဆောင်ရွက်သည့်အခါ ပြည်သူများ၏ အခန်းကဏ္ဍသည်လည်း ထောက်တိုင်သဖွယ် တည်ရှိနေလိမ့်မည်ဖြစ်သည်။ ထိုသို့တရားမျှတ မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ သက်ဆိုင်ရာအာဏာပိုင်များမှ ဥပဒေစိုးမိုးရေး အားကောင်းလာစေ ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသတွင်းလူမှုအဖွဲ့အစည်း နှင့် ပြည်သူလူထုတို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့အဖွဲ့အစည်း အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားမျှတမှုကို ရရှိလက်လှမ်းမီ ရေးတွင် အားကောင်းလာမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအတွင်းတွင် တရားမျှတ မှုမှာ အခြားသော အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး ကဲ့သို့ပင် အရေးကြီးပြီး မတရားနစ်နာခံရသူများအတွက် ၎င်းတို့၏နစ်နာမှုများအား လက်ရှိအခြေအနေအရ အပြည့်အဝ မဟုတ်သည့်တိုင် အတိုင်းအတာတခုထိ ပြန်လည်ကုစားပေးနိုင် လိမ့်မည်ဖြစ်သည်။ ထိုသို့ တရားမျှတမှု အားကောင်းလာမည်ဆိုက လူ့အဖွဲ့အစည်းမှလည်း ဥပဒေ၊ စနစ်နှင့် ယန္တရားများအား အယုံအကြည်ရှိလာမည်ဖြစ်သည်။ ပြည်သူပြည်သားများ ယုံကြည်

ကိုးစားသော ဥပဒေတစ်ရပ်ဖြစ်ရန်မှာလည်း အရေးကြီးသကဲ့သို့ အဆိုပါဥပဒေမှာလည်း ပြည်သူများထဲမှ ပြည်သူအချို့အား ဖိနှိပ်သည့် ဥပဒေတစ်ရပ်မဖြစ်ရန် လိုအပ်သည်။ **တစ်နေရာရာမှ မတရားမှုသည် နေရာတိုင်းရှိ တရားမျှတမှုကို ခြိမ်းခြောက်ခြင်းပင်ဖြစ်သည်** ဟု လူ့အခွင့်အရေးတိုက်ပွဲကို ဦးဆောင်ခဲ့သည့် ဒေါက်တာမာတင်လူသာကင်း၏ အဆိုအမိန့် ရှိသကဲ့သို့ပင် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်း အတွင်းရှိ မတရားမှုများကို လျစ်လျူရှုခြင်း အလျဉ်းမရှိဘဲ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တတ်စွမ်းသမျှ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် တရားမျှတမှု အားကောင်းလာစေရန်နှင့် တာဝန်ယူမှု တာဝန်ခံမှု အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရပေလိမ့်မည်။

## ■ ကော်သူးလေ တရားစီရင်ရေးကော်မတီ


**သိမှတ်ဖွယ်ရာများ**



ကော်သူးလေတရားစီရင်ရေးစနစ်ကို တရားစီရင်ရေးကော်မတီဖြင့်ဖွဲ့စည်းထားပါသည်။ အဆိုပါ တရားစီရင်ရေးကော်မတီကို ကျေးရွာ(အုပ်စု)၊ မြို့နယ်၊ ခရိုင်နှင့် ဗဟို ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းထားပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် ဗဟိုအဆင့်၌ ဦးစွာတရားသူကြီးချုပ်ကို ဗဟိုအမြဲတမ်းကော်မတီမှ လျှို့ဝှက်မဲပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်ခန့်အပ်သည်။ ထိုသို့ရွေးချယ်ရာတွင်လည်း သစ္စာသမာဓိရှိပြီး တော်လှန်ရေး အတွေ့အကြုံရင့်ကျက်ကာ ဘက်မလိုက်ဘဲ အမှန်တရားအတွက် ဥပဒေအတိုင်း ရပ်တည်ဆုံးဖြတ်သော ပုဂ္ဂိုလ်ဖြစ်ရမည်ဟု ကရင်အမျိုးသားအစည်းအရုံး၏ ဖွဲ့စည်းပုံတွင် အတိအလင်းပြဌာန်းထားသည်။ ရွေးကောက်တင်မြှောက်ခြင်းခံရသော တရားသူကြီးချုပ်သည် ကွန်ကရက်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရမည် ဖြစ်သည်။ အဆင့်ဆင့်သော တရားရေးကော်မတီများကို အဖွဲ့ဝင်(၃) ဦးဖြင့် ဖွဲ့စည်းရမည်။ ဗဟိုအဆင့်တွင် တရားသူကြီးချုပ်သည် တရားစီရင်ရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်ပြီး ကျန်ကော်မတီဝင်(၂)ဦးအား ဗဟိုအမြဲတမ်းကော်မတီဝင်များအနက်မှ သင့်တော်မည့်သူ (၂)ဦးကို တရားသူကြီးချုပ်မှ ရွေးချယ်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် တရားရေးကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်ဖြစ်သည်။ အခြားသော အဆင့်ရှိတရားသူကြီးများသည် မိမိတို့သက်ဆိုင်ရာ အဆင့်ရှိ တရားရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည်။ အဆိုပါတရားသူကြီးများသည် သက်ဆိုင်ရာအဆင့်ရှိ အမြဲတမ်း ကော်မတီဝင်များ အနက်မှ သင့်တော်သူ (၂) ဦးအားရွေးချယ်ပြီး သက်ဆိုင်ရာအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် တရားရေးကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ ရွေးချယ်ရာတွင် သင့်တော်သည့် ကော်မတီအဖွဲ့ဝင်(၁)ဦးမှာ အမျိုးသမီးဖြစ်ရပါမည်။ တရားသူကြီးချုပ်အပါအဝင် တရားစီရင်ရေးကော်မတီ၏ သက်တမ်းမှာ ကွန်ကရက်သက်တမ်းကဲ့သို့ (၄)နှစ်ဖြစ်ပြီး ဆက်လက်ရွေးချယ်ခံရပါက တာဝန်ထပ်မံထမ်းဆောင်ရမည် ဖြစ်သည်။

အဆင့်ဆင့်ရှိ တရားရေးကော်မတီများသည် မိမိတို့ဆိုင်ရာ နယ်မြေဒေသအတွင်းရှိ တရားဆိုင်ရာလုပ်ငန်းများတွင် တရားမျှတမှန်ကန်မှုအတွက် တာဝန်ရှိသည်။ တရားရေးကော်မတီဝင်(၂)ဦးသည် မိမိတို့သက်ဆိုင်ရာ တရားရေးကော်မတီ ဥက္ကဋ္ဌ၏ တရားစီရင်ရေး လုပ်ငန်းများတွင် လိုအပ်သလို ပါဝင်ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ တရားစီရင်ရေးကော်မတီများသည် တရားစီရင်ရာတွင် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိသည်။ ထိုသို့တရားစီရင်ရာတွင် လွတ်လပ်မှုရှိစေရန်အတွက် လိုအပ်ပါက သက်ဆိုင်ရာအလုပ်အမှုဆောင် ကော်မတီနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်သည်။ တရားရေးကော်မတီများသည် လိုအပ်ပါက သက်ဆိုင်ရာအလုပ်အမှုဆောင် ကော်မတီများကို ဥပဒေနှင့်ပတ်သတ်၍ အကြံပေးခြင်း၊ ဥပဒေရေးဆွဲခြင်းတွင် ကူညီလုပ်ဆောင်ပေးနိုင်သည်။

## လူထုဥပဒေအထောက်ကူပြုအဖွဲ့ (CLV) မိတ်ဆက်



Community Legal Volunteer (CLV) ဟုခေါ်ဆိုသောသူများမှာ ကျေးရွာလူထုများ၏ ဥပဒေရေးရာလိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးနေသော လူထုဥပဒေအထောက်အကူပြုသူများ ဖြစ်သည်။ CLVများကို ထားရှိပျိုးထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ကော်သူးလေနယ်မြေအတွင်း တရားဥပဒေစိုးမိုးမှု ပိုမိုကျယ်ပြန့်လာရန်နှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုအထောက်အကူပြုနိုင်ရန်ဖြစ်သည်။ CLVများကိုရွေးချယ်ရာတွင်လည်း သတ်မှတ်ချက်များထားရှိပြီး ခရိုင်အဆင့်တွင် (၅)ဦးစီနှင့် မြို့နယ်အဆင့် (၃)ဦးစီ သတ်မှတ်ထားရှိလာရန် အစီအစဉ်တကျလုပ်ဆောင်သည်။ အထူးသဖြင့် CLVများမှာ လူထုအခြေပြုသူ၊ လူထုအတွင်း နေထိုင်သူများနှင့် လူထုအတွက် အကူအညီပေးမည့်သူများဖြစ်သည့်အတွက် ကရင်အမျိုးသားရဲတပ်ဖွဲ့နှင့် ကျေးရွာဥက္ကဋ္ဌများကို လုံးဝရွေးချယ်၍ မရပါ။ ထို့ပြင် ပြစ်မှုကျူးလွန်ထားခြင်းမရှိသူ၊ လာဘ်ပေးလာဘ်ယူမှုမလုပ်သူ၊ လုပ်ငန်းကို အသုံးချပြီး ကိုယ်ကျိုးမရှာသူ၊ အဖွဲ့အစည်းအတွင်းထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးသူများကိုသာ CLVအဖြစ် ရွေးချယ်သတ်မှတ်ကြသည်။

လူထုအတွင်း ဥပဒေအသိပညာနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် ခရိုင် (၇)ခုလုံးတွင် CLVကို စတင်ဖွဲ့စည်းခဲ့သည်။ ကနဦးတွင် ခရိုင်တခုကို CLV (၅)ဦးစီ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် CLVများကို ခရိုင်အဆင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး စုစုပေါင်း CLV (၃၀)ဦးခန့်ကို လေ့ကျင့်ပျိုးထောင်ပေးပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် CLVများကို သင်တန်းတစ်ကြိမ်(၁၀)ရက်နှင့် ၂၀၁၈ ခုနှစ်တွင် မွမ်းမံသင်တန်း တစ်ကြိမ်(၅)ရက်နှင့် ၂၀၁၉ ခုနှစ်တွင် မွမ်းမံသင်တန်း တစ်ကြိမ်(၅)ရက် ပြုလုပ်နိုင်ခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် CLVများကို သင်တန်းတစ်ကြိမ် (၁၀)ရက် ပေးနိုင်ခဲ့ပါသည်။ ထိုသင်တန်းတွင် ၂၀၁၇ ခုနှစ်မှ ထွက်ရှိသည့် လူထုဥပဒေအထောက်အကူပြုသူများ လက်စွဲစာအုပ်မှ ခေါင်းစဉ်များအတိုင်း ပေးခဲ့ခြင်းဖြစ်သည်။

CLVများမှ သင်တန်းဆင်းပြီးသောအခါ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများလည်းရှိပါသည်။ ၎င်းတို့မှာ

- ပြည်သူများအတွက် ဥပဒေနှင့် တရားမျှတရေးဆိုင်ရာ အသိအမြင်ဖွင့်အစီအစဉ်များအား ဦးဆောင်ပံ့ပိုးခြင်း။
- ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်း။ (လူထုများကို ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်း)
- အမှုအခင်းများအား ချိတ်ဆက်ညွှန်းပို့ခြင်း။
- ပြဿနာနှင့်ပြစ်မှုများကို ကာကွယ်တားဆီးခြင်း။
- ရပ်ရွာလူထု၏ ဥပဒေနှင့်ပတ်သက်သည့် လိုအပ်ချက်များ ရှာဖွေလေ့လာခြင်း။
- လေ့လာဆန်းစစ်မှုများတွင် ပါဝင်ပံ့ပိုးခြင်း။
- မြို့နယ်/ခရိုင်တရားသူကြီးနှင့် တရားရုံးလုပ်ငန်းများကို အထောက်အကူပေးခြင်း။
- နယ်မြေဒေသအတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း။
- ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ရပ်ရွာလူထုတို့အကြား ချိတ်ဆက်ပေးခြင်း။
- ကရင်ဥပဒေအထောက်အကူပြုအဖွဲ့(KLAC)နှင့် ပုံမှန်ဆက်သွယ်မှုပြုခြင်း။
- အဖွဲ့အစည်းနှင့် ခရိုင်မှ ချမှတ်သော ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- လုပ်ငန်းစဉ်အတွက် လိုအပ်သော အစီရင်ခံစာများ၊ ဒေသတွင်း မှုခင်းဆိုင်ရာ အခြေအနေကိုလည်း တင်ပြအစီရင်ခံခြင်း စသည်တို့ဖြစ်သည်။

CLVများသည် လူထုကို အနီးကပ်ပံ့ပိုးပေးနေသူများသာဖြစ်ပြီး တရားစီရင်ဆုံးဖြတ်သူများ မဟုတ်ကြောင်းကိုလည်း သတိပြုရပါမည်။ CLVများရှိလာသည့်အတွက် လူထုများမှဥပဒေအသိပညာများနှင့် အခွင့်အရေးဆိုင်ရာများကို ပိုမိုသိရှိနားလည်လာကြသည်။ လူထုများမှ အမှုအခင်းများကို စနစ်တကျတိုင်ကြားလာကြပြီး ဥပဒေဆိုင်ရာ အကြံဉာဏ်များကိုလည်း အလွယ်တကူ ရယူလာနိုင်ကြသည်။ လူထုနှင့်

ဒေသဆိုင်ရာ ခေါင်းဆောင်များ ချိတ်ဆက်မှု ပိုမိုအားကောင်းလာကြပြီး ဒေသတွင်း ဖြစ်ပေါ်နေသည့် ပြဿနာများကို အချိန်နှင့် တပြေးညီ သိရှိကာ အရေးယူဆောင်ရွက်လာနိုင်ကြသည်။ ထို့အပြင် ဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် လူထု၏အသံကိုကိုယ်စားပြု ပြောပေးနိုင်သော CLVများ၏ ပါဝင်မှုများကြောင့် ကောင်းမွန်စွာ ရေးဆွဲလာနိုင်ကြသည်။

CLV အချင်းချင်း ပုံမှန်တွေ့ဆုံစည်းဝေးမှုများ၊ ဝေငှသင်ယူမှုများ စသည့် အစီအစဉ်များရှိနေပြီး လူထုအတွက် ဥပဒေအသိပညာနှင့် ဝန်ဆောင်မှုများအား ထိရောက်စွာဆက်လက်ပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းများနှင့် စွမ်းရည်မြှင့်သင်တန်းများကို စဉ်ဆက်မပြတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ချိတ်ဆက်လုပ်ဆောင်မှု အားကောင်းစေရန်အတွက် ကြီးကြပ်လမ်းညွှန်မှုများ၊ နည်းပညာ အားဖြည့်ပေးမှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

---



ကျွန်မ နာမည်က နော်သောအယ်ဖိုး ဖြစ်ပါတယ်။ လူထုဥပဒေအထောက်အကူပြု (Community Legal Volunteer - CLV) အဖြစ် အလုပ်လုပ်တာ (၄) နှစ်ရှိပြီ။ CLV မဖြစ်ခင် ခရိုင်ရုံးမှာ ရုံးလက်ထောက်အဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ကတည်းက CLV သင်တန်းကို တက်ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ သင်တန်းပြီးတဲ့နောက် CLV အနေနဲ့ သတ်သတ်မှတ်မှတ် လုပ်ဆောင်ခဲ့တာမျိုး မရှိခဲ့ဘူး။ အရင်ကအလုပ်လုပ်ခဲ့တဲ့ ဌာနတွေမှာ စာရိုက်ခြင်းနဲ့ တခြားရုံးအလုပ်တွေ လုပ်ခဲ့ရတယ်။ ဒီဇင်ဘာ ၂၀၂၀ မှာ CLV အတွက် မွမ်းမံသင်တန်း (၁၀) ရက်မှာ ပါဝင်တက်ရောက်ခဲ့တယ်။


အဲဒီ မွမ်းမံသင်တန်းကို တက်ရောက်ပြီးတဲ့နောက် CLV ရဲ့တာဝန်တွေ သတ်သတ်မှတ်မှတ် ထားရှိလာတဲ့ အတွက် အဲ့ဒီအချိန်ကတည်းက ယခင်ကနဲ့မတူတဲ့ တာဝန်တွေကို စတင်လုပ်ဆောင်လာခဲ့တယ်။ ဥပဒေရေးရာ ကိစ္စတွေမှာ သေသေချာချာလုပ်ဆောင်ရတယ်။ ဦးတည်ထားတဲ့ လူထုတွေအတွက် ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲတွေကို လတိုင်း လုပ်ဆောင်ပေးတယ်။ ဥပဒေရေးရာ အကူအညီရဖို့ ဆက်သွယ်လာသူတွေ၊ လူကိုယ်တိုင်လာရောက် တောင်းခံသူတွေကို လမ်းညွှန်မှုပေးပြီး အကြံပေးခဲ့တယ်။ ယခု အချိန်အထိ ဥပဒေအသိပညာပေးခြင်း အစီအစဉ်များစွာကို ဆောင်ရွက်ခဲ့ပြီး အမှုများစွာကို အကြံဉာဏ်ပေးခြင်းနှင့် ချိတ်ဆက်လွှဲပြောင်းပေးခြင်းများကို ကူညီပေးဖြစ်ခဲ့တယ်။ ဒါ့အပြင် ဥပဒေနဲ့ပတ်သက်ပြီး တရားသူကြီးတွေကိုပံ့ပိုးပေးခြင်းနဲ့ တရားရုံးမှာ မှတ်စုယူပါတယ်။ အရင် ဥပဒေဆိုင်ရာအသိပေးခြင်းအစီအစဉ်တွေကို ရပ်ရွာတွေမှာ ပုံမှန်မလုပ်ဆောင်နိုင်ခဲ့ဘူး။ အခုဆိုရင် ပိုပြီးလုပ်ဆောင်လာနိုင်တယ်။ အချင်းချင်း

တွေကြား ဆက်သွယ်မှုကလည်း ပိုမိုကောင်းမွန်လာတဲ့အတွက် ဥပဒေနဲ့ပတ်သက်ပြီး ပိုပြီးရှင်းရှင်းလင်းလင်း သိချင်တာ တစ်ခုခုရှိတယ်ဆိုရင် KLAC ကို တိုက်ရိုက်မေးပြီး အကူအညီတောင်းတယ်။ တရားသူကြီးတွေကလည်း CLV ရဲ့ စွမ်းရည်ကို မြင်တွေ့လာပြီး အသိအမှတ်ပြုလက်ခံလာကြတယ်။ ပိုမိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း တွန်းအားပေးလာကြတယ်။

အာဏာသိမ်းပြီးတဲ့နောက်ပိုင်း ဥပဒေဆိုင်ရာ အသိပညာပေးဖို့ တာဝန်ရှိတဲ့ ဦးတည်ရပ်ရွာတွေဆီ သွားဖို့ခက်တယ်။ ရွာကိုရောက်ဖို့ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ စစ်ဆေးရေးဂိတ်တွေကို ဖြတ်ရတယ်။ မြန်မာစစ်တပ်စခန်း(၁)ခုကလည်း ဦးတည်ကျေးရွာဘေးမှာ ရှိနေတဲ့အတွက်ကြောင့် လုံခြုံရေးနဲ့ ပတ်သက်ပြီး များစွာဂရုစိုက်ရတယ်။ ဒါပေမဲ့ အဲဒီကရွာသားတွေက ကော်သူးလေရဲ့ဥပဒေကို သိနားလည်ချင်ကြပြီး သွားလာရေးနဲ့ လုံခြုံရေးအတွက် သူတို့ကနေပြီး တာဝန်ယူပေးမယ်လို့ပြောဆိုကာ လာရောက်သင်တန်းပေးဖို့ ဖိတ်ခေါ်လာတာမျိုးရှိတယ်။ သူတို့ရဲ့ပြင်းပြတဲ့ဆန္ဒတွေက ကျွန်ုပ်တို့ကိုအားတက်စေတဲ့အတွက် သူတို့ကမ်းလှမ်းတဲ့ရွာတွေကို သင်တန်းသွားပေးခဲ့တယ်။

အခုဆိုရင် CLV ရဲ့လုပ်ဆောင်ချက်တွေကို လူထုကအသိအမှတ်ပြုလာကြပြီး ဥပဒေဆိုင်ရာ အသစ်အသစ်သောအသိပညာတွေကို အမြဲမျှဝေပေးနိုင်ခဲ့တယ်။ နားမလည်တဲ့ ဥပဒေနဲ့ပတ်သက်ပြီး KLACနဲ့ တရားသူကြီးတွေကလည်း ကူညီပြောပြပေးတယ်။ မတရားမှုတွေဖြစ်လာတဲ့အခါတိုင်း လူထုကို ကူညီပေးနိုင်လို့ ဂုဏ်ယူမိတယ်။ အနာဂတ်မှာ ဥပဒေရေးရာကိစ္စနဲ့ပတ်သက်ပြီး လူထုကို ပိုပြီးထိထိရောက်ရောက် ကူညီပေးနိုင်တဲ့ CLV ဖြစ်လာဖို့ ဆက်ပြီးကြိုးစားလုပ်ဆောင်နေမှာပါ။

## ရှုမြင်သုံးသပ်ချက်




## ကေအဲန်ယူစီမံအုပ်ချုပ်နယ်မြေ၊ ဖားအံခရိုင်ရဲ့မှူး ဒုဗိုလ်မှူးကြီး စောမောင်ကြည်နှင့် တွေ့ဆုံမေးမြန်းခြင်း အပိုင်း (၂)

*ဒုဗိုလ်မှူးကြီး စောမောင်ကြည်သည် တရားရေးပံ့ပိုးမှုအပိုင်းတွင် ရာထူးမြင့်အရာရှိတစ်ဦးဖြစ်သည့်အလျောက် ၎င်း၏ တရားဥပဒေဆိုင်ရာ ရှုမြင်သုံးသပ်ချက်များကို ပွင့်လင်းစွာပြောဆိုထားပါသည်။*

*မေး ။ ။ ယခုကာလအတွင်း မိမိတာဝန်ယူထားသောဌာနသို့မဟုတ် မိမိအနေဖြင့် တရားမျှတမှုလက်လှမ်းမီရေး လုပ်ငန်းများအပေါ် မိမိ၏အတွေ့အကြုံကို ပြောပြပေးပါ။*

ဖြေ ။ ။ တရားမျှတမှုလက်လှမ်းမီဖို့အတွက် အရေးကြီးတာက ကျွန်တော်တို့ ပယ်ကော်တွေက ပြည်သူလူထုနဲ့ အနီးကပ်ဆုံး ထိတွေ့လုပ်ဆောင်ဖို့လိုအပ်တယ်။ အများပြည်သူကို ပညာပေးတာတွေမလုပ်ခင် ကျွန်တော်တို့ ကိုယ်တိုင် အရင်ဆုံး ပြုပြင်ပြောင်းလဲဖို့လိုအပ်တယ်။ ဖားအံခရိုင်အနေနဲ့ပြောရမယ်ဆိုရင် ပထမဆုံး ပြည်သူတွေကို လေးစားတန်ဖိုးထားဖို့၊ ကိုယ့်ရဲ့အလုပ်နဲ့တာဝန်တွေကို ချစ်မြတ်နိုးဖို့၊ ကိုယ့်ကိုကိုယ် ပေးဆပ်ဖို့နဲ့ ကြိုးပမ်းအားထုတ်သွားဖို့ကို ကျွန်တော်တို့အရင်ဆုံး ပြုပြင်သွားဖို့လိုတယ်။ အဲ့လိုပြုပြင်ပြီးရင်တောင် နောက်ထပ်အားနည်းချက်တွေ ရှိမယ်ဆိုရင်လည်း ကြီးကြီးမားမားတော့မရှိဖို့လိုမယ်။ အဲ့လိုမှပဲ ကိုယ့်လူမျိုးကို ချစ်တဲ့၊ အမှန်တရားကို တန်ဖိုးထားတဲ့ စံတန်ဖိုးတစ်ရပ်ရလာမှာဖြစ်ပြီး ပြည်သူတွေရဲ့ယုံကြည်မှုကို ရရှိလာမှာဖြစ်တယ်။ လတ်တလောမှာတော့ အားနည်းချက်တွေရှိနေသေးတယ်။ ခရိုင်ပယ်ကော်တွေကိုလည်း သင်တန်းကောင်းကောင်းပေးဖို့က ခက်ခဲနေသေး

တယ်။ ဒီလိုအခြေအနေတွေက မြို့နယ်အဆင့်တွေမှာလည်းရှိနေသေးတယ်။ ကျွန်တော်တို့က ကျေးရွာအုပ်စုတွေအထိ ပညာပေးရေးလုပ်ဆောင်ဖို့ကလည်း မဖြစ်နိုင်ဘူး။ အဲ့ဒါကြောင့် မြို့နယ်ပယ်ကော်ကနေတဆင့် တာဝန်ပေးမှာဖြစ်တယ်။ သူတို့ကနေပြီး သက်ဆိုင်ရာတာဝန်ရှိတဲ့ ကျေးရွာအုပ်စုတာဝန်ရှိတဲ့လူတွေနဲ့ ပူးပေါင်းသွားဖို့လိုတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်အပေါ်ပြန်ပြီး တင်ပြလာတာမျိုးရှိရင် ကျွန်တော်တို့က သူတို့ရဲ့အားနည်းချက်၊ အားသာချက်တွေကို သိနိုင်မှာဖြစ်တယ်။ နောက်ပြီး ပြည်သူတွေရဲ့ ဥပဒေကိုနားလည်သဘောပေါက်မှုကို သိနိုင်မယ့် ဆန်းစစ်မှုမျိုး လုပ်နိုင်သွားရင်လည်း ပိုကောင်းမယ်လို့ထင်တယ်။ တရားဥပဒေစိုးမိုးမှုအပိုင်းမှာတော့ ကျွန်တော်တို့ရဲ့အုပ်ချုပ်နယ်မြေမှာတော့ ဥပဒေစိုးမိုးမှုကို ကောင်းကောင်းလုပ်ဆောင်နိုင်တယ်။ ကျွန်တော်တို့နယ်မြေကအားလုံးလည်းသိတဲ့အတိုင်း အခြားလက်နက်ကိုင်အဖွဲ့တွေလည်းရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ စိတ်ရှိတဲ့အတိုင်း မလုပ်နိုင်တာတွေရှိတယ်။

*မေး ။ ။ မိမိတို့ဌာန သို့မဟုတ် မိမိရဲ့ စိန်ခေါ်မှုများကို မည်သို့ရင်ဆိုင်ဖြတ်သန်းခဲ့ပါသလဲ။*

ဖြေ ။ ။ စိန်ခေါ်မှုတွေအနေနဲ့ကတော့ ပြောရမယ်ဆိုရင် ကိုဗစ် -၁၉ က စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမြင့်တက်လာတဲ့ကာလမှာ ကျွန်တော်က တာဝန်နဲ့ တခြားတနေရာကိုရောက်နေတဲ့အတွက် ကံကောင်းစွာနဲ့ ကူးစက်မှုဘေးကနေလွတ်ခဲ့တယ်။ ဒါကြောင့် ကျန်းမာရေးဌာနရဲ့ညွှန်ကြားချက်နဲ့အညီနေမယ်ဆိုရင် ကာကွယ်မှုနှုန်းက ရာနှုန်းပြည့်မဟုတ်ရင်တောင် (၇၀) ရာခိုင်နှုန်းအထိ ကာကွယ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ နောက်တဆင့် Omicron ကူးစက်တဲ့ကာလမှာလည်း ကျွန်တော့်အနေနဲ့ အနှောင့်အယှက်ကင်းကင်းနဲ့ ကျော်ဖြတ်နိုင်ခဲ့တယ်။ နောက်ထပ်စိန်ခေါ်မှုက အမှုအခင်းတွေမှာဆိုရင် တရားလိုတွေက ကျွန်တော်တို့ဆီလာရောက်တိုင်တန်းပေမယ့်လည်း တရားပြိုင်တွေက အခြားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ ပတ်သတ်နေတာမျိုးရှိတယ်။ နောက်တခုက ငွေချေးယူတဲ့ကိစ္စတွေမှာ စာချုပ်စာတမ်းမပါပဲ ချေးယူတာတွေအချင်းချင်းယုံကြည်မှုနဲ့ ငွေကြေးသိန်းထောင်ချီချေးယူပြီးတော့ ပြန်မဆပ်နိုင်တော့တဲ့အခါမှာလည်း ကျွန်တော်တို့က လုပ်ရကိုင်ရခက်ကုန်တယ်။ အဲ့လိုတွေမှာ လူထုက ကျွန်တော်တို့ကို အထင်အမြင်လွဲတာတွေလည်း ရှိလာတယ်။ ကျွန်တော်တို့က အဲ့ကိစ္စတွေမှာ ဥပဒေတစ်ရပ် သတ်မှတ်ပြဌာန်းပေးဖို့ အထက်လူကြီးကို တင်ပြထားတာတွေ ရှိတယ်။ ကျွန်တော်တို့က လူထုကို ပညာပေးတာတွေ အားနည်းနေသေးတာကြောင့် အဲ့လိုတွေကရှိနေသေးတာဖြစ်ပြီး သူတို့ကပဲ ကျွန်တော်တို့ကို အထင်အမြင်လွဲတာတွေ ဖြစ်တာပေါ့။ ကျွန်တော်တို့အနေနဲ့ ပြောတာက ကျွန်တော်တို့က အမှုကိစ္စတွေကို ဆုံးဖြတ်တဲ့လူမဟုတ်ဘူး။ ကျွန်တော်တို့က အမှုကို စုံစမ်းစစ်ဆေးရေးတွေလုပ်တယ်။ အဲ့ကနေမှတဆင့် တရားသူကြီးကို အမှုတင်ပြတယ်။ တရားသူကြီးကနေမှ အမှုကိုစီရင်ဆုံးဖြတ်တယ်။

*မေး ။ ။ ကိုဗစ်ကြောင့် ရှန်းကန်ခဲ့ရသောအချိန်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း ရှန်းကန်ခဲ့ရသော အခြေအနေနှစ်ခု အကြား မိမိကြုံတွေ့ခဲ့ရသောခြားနားချက်များကို ဖော်ပြပေးပါ။*

ဖြေ ။ ။ ကိုဗစ်အခြေအနေနဲ့ပြောရမယ်ဆိုရင် အခက်အခဲက လူထုကိုပြောလို့မရတာတွေရှိတယ်။ ပြီးတော့ သူတို့တွေကို ထိန်းချုပ်လို့မရတာတွေရှိတယ်။ အာဏာသိမ်းမှုအပေါ်မှာဆိုရင် အာဏာသိမ်းမှုကြောင့် လူထုရဲ့ စားဝတ်နေရေးခက်ခဲလာပြီး ခိုးဝှက်တာမျိုးတွေရှိလာတယ်။ ပြစ်မှုကျူးလွန်မှုနှုန်းတွေလည်း မြင့်လာတဲ့သဘောမှာရှိတယ်။ နောက်ပြီး လောင်းကစားဝိုင်းတွေလည်း များလာတယ်။ ကျောင်းတွေပိတ်ထားရတဲ့အတွက်ကြောင့် လူငယ်တွေအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းတွေလည်း များလာတယ်။ ပညာရေးဘက်ပိုင်းမှာလည်း နယ်စပ်ကျောင်းတွေမှာခုဆိုကျောင်းသားဦးရေများလာတဲ့အတွက် အခက်အခဲရှိလာတယ်။ ပြည်တွင်းမှာ ကျောင်းတွေပိတ်ထားလို့ ပညာရေးပိုင်းမှာ ကူညီပေးလို့ရနိုင်မလားဆိုပြီး ကျွန်တော့်ကို လာရောက်ဆက်သွယ်တာတွေရှိတယ်။ သူတို့က သူတို့ရွာတွေမှာ ကိုယ်ထူကိုယ်ထကျောင်းတွေဆောက်မယ်ဆိုရင် ကေအဲန်ယူအနေနဲ့ အသိအမှတ်ပြုပေးလို့ရနိုင်လား ဆိုပြီး မေးလာတဲ့အခါမှာဆို ကျွန်တော်ကတော့ သက်ဆိုင်ရာအထက်ခေါင်းဆောင်တွေကို ပြန်တိုင်ပင်ပေးမယ်လို့ ပြောခဲ့တယ်။

*မေး ။ ။ မိမိဌာနလုပ်ငန်းများကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ရေး မိမိစိတ်ကူးစီစဉ်ထားသောအစီအစဉ်များကို အကျဉ်းချုံးပြောပြပေးပါ။*

ဖြေ ။ ။ စဉ်းစားပြီတိုင်ပင်ထားတာတွေတော့ရှိတယ်။ အကောင်အထည်ဖော်ဖို့က ခုထိ ခက်နေသေးတယ်။ ကျွန်တော်တို့ခရိုင်အတွင်းမှာ သင်တန်းဆရာတယောက်ထားရှိချင်တယ်။ သူကနေပြီးတော့မှ မြို့နယ်တွေမှာရှိတဲ့ ပယ်ကော်များအား သင်တန်းပေးတာမျိုးတွေကို အလျဉ်းသင့်သလို လုပ်စေချင်တယ်။ ပြီးတော့ ကွန်ပျူတာသင်တန်းဆရာက ရှိနေပေမယ့်လည်း သင်တန်းပေးနိုင်ဖို့က ခက်ခဲနေသေးတယ်။ အသက်မပြည့်တဲ့လူငယ်တွေကို ကျွန်တော်တို့က ထိန်းသိမ်းရတဲ့အခါမျိုးမှာဆိုရင် သူတို့ကိုထိန်းသိမ်းထားတဲ့နှစ်လတာ သုံးလတာကာလတွေမှာ အတတ်ပညာတခုခု တတ်စေချင်တယ်။ အဲ့လိုဆိုရင် ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းတွေလိုအပ်လာတယ်။ နောက်ပြီးတော့ ခေါင်းဆောင်တွေအပေါ်ကျရောက်တဲ့ ဝန်ထုပ်ဝန်ပိုးတွေက မူးယစ်ဆေးဝါးတွေသုံးစွဲတဲ့ ကလေးသူငယ်တွေကို ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်တဲ့အထောက်အပံ့တွေပေါ့။ သူတို့ကို အစီအစဉ်နဲ့ ဥပဒေစာတွေ ဖတ်ခိုင်းမလား၊ ကွန်ပျူတာသင်တန်းတွေပေးမလားစတာတွေပေါ့။ သူတို့အတွက် အားကစားလုပ်တာတွေက အခက်အခဲမရှိပေမယ့် ပြန်လည်ကုစားရေးတွေမှာတော့ အခက်အခဲရှိနေသေးတယ်။ အဓိကကတော့ စားရေးသောက်ရေးပေါ့။ အခုဆိုရင် စားရေးသောက်ရေးမှာ အခက်အခဲရှိတဲ့အနေအထားမှာရှိတယ်။

*ဟုတ်ကဲ့ပါ အခုလိုသုံးသပ်ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။*

## ■ တရားရေးရာ ဝန်ဆောင်မှုပေးသူများနှင့် လူထုအကြားဆက်ဆံရေး အခြေအနေ

### ယခင်




### ယခု



## ၂၀၂၂ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းများ


### ဖားအံခရိုင် တရားသူကြီးများအစည်းအဝေး

၂၀၂၂ ခုနှစ် ဇွန်လတွင် ဖားအံခရိုင်တရားသူကြီး၏ အစီအစဉ်ဖြင့် ခရိုင်တခုလုံးရှိတရားသူကြီးများအစည်းအဝေးကို လုပ်ဆောင်ခဲ့ပါသည်။ တရားသူကြီးများအပြင် ကရင်အမျိုးသမီးအစည်းအရုံး၊ ခရိုင်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ လူမှုအဖွဲ့အစည်း၊ ကရင်ဥပဒေအထောက်အကူပြုဖွဲ့(KLAC)နှင့် လူထုဥပဒေအထောက်အကူပြု (CLV) များ စုစုပေါင်း (၆၅)ဦး တက်ရောက်ခဲ့သည်။




### ခရိုင်များ၏ CLV သင်တန်း

၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ဖားအံခရိုင်နှင့် ဒူးပလာယာခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ လူထုဥပဒေအထောက်အကူပြု (CLV) များအား သင်တန်းပေးခဲ့ပါသည်။ ဖားအံခရိုင်သင်တန်းတွင် သင်တန်းသား (၂၀) ဦးနှင့် သင်တန်းသူ (၂၁) ဦး စုစုပေါင်း (၄၁) ဦးနှင့် ဒူးပလာယာခရိုင်သင်တန်းတွင် သင်တန်းသား (၂၃) ဦးနှင့် သင်တန်းသူ (၁၁) ဦး စုစုပေါင်း (၃၄) ဦး တက်ရောက်ခဲ့ပါသည်။



# လှုပ်ရှားမှု ရုပ်ပုံများ



ဖားအံခရိုင်အတွင်းရှိ တရားမျှတမှုလက်လှမ်းမီရေးအခြေအနေအား သုံးသပ်ဆွေးနွေးခြင်း အစည်းအဝေး





ဖားအံခရိုင် လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)အား တရားရေးဆိုင်ရာသင်တန်းပေးခြင်း





ဒူးပလာယာခရိုင် လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)အား တရားရေးဆိုင်ရာသင်တန်းပေးခြင်း





လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မှ ဒူးပလာယာခရိုင်ရှိ လူထုများအား ဥပဒေအသိပညာပေးခြင်း






လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV) မှ ဖားအံခရိုင်ရှိ လူထုများအား ဥပဒေအသိပညာပေးခြင်း





လူထုဥပဒေအသိပညာပေးခြင်း အစီအစဥ်အတွက် ဆွေးနွေးတိုင်ပင်ခြင်း

“တစ်နေရာရာမှ မတရားမှုသည် နေရာတိုင်းရှိ
တရားမျှတမှုကို ခြိမ်းခြောက်ခြင်းပင်ဖြစ်သည်။”

မာတင်လူသာကင်း